
ကျွန်မတို့ခေတ်နှင့်ကျွန်မတို့အချစ်
မဂ္ဂဇင်းဝတ္ထုတိုများ



''စာဖတ်သူသို့ နှင့် မိတ်ဆက်လွှာ''

(၁)

၁၁၉ ခုနှစ်က ဖြစ်၏။

မှတ်မှတ်ရရဟု ဆိုရပါမည်။ အဲသည် နေ့က ချယ်ရီမဂ္ဂဇင်း အယ်ဒီ

တာ ရုံးခန်းထဲတွင် ရှိသော ကျွန်တော်၏ အလုပ်စားပွဲပေါ်သို့ ရောက်ရှိနေသည့် စာအိတ်များ ထဲမှ အပေါ်ဆုံးစာအိတ် ထူထူတစ်အိတ်ကို ဖောက်လိုက်မိသည့် အခါ အထဲမှ ဝတ္ထုတိုစာမူ ၆ ပုဒ်ထွက်လာသည် ။ ကလောင်နာမည်ကို ကြည့်မိတော့ ကျွန်တော် မြင်ဖူး၊ ဖတ်ဖူး၊ ကြားဖူးသည့် ကလောင်အမည် မဟုတ်။ ''''တဲ့ ။

အမှန်အတိုင်းဆိုရလျှင် အဲ့သည် စာမူများက ကျွန်တော့်စိတ်ထဲသို့ စိတ် ဝင်စားစေမှု အစွန်းအစကလေး တစ်စတစ်လေကိုမျှ ပို့ဆောင်နိုင်အား မရှိခဲ့။ နံပါတ် (၁)အချက်က ကလောင်အမည်။

သည် ကလောင်ကို မြင်ဖူး၊ ကြားဖူး၊ ဖတ်ဖူးသည် မဟုတ်တော့ သူ့စာ မူများကို စိတ်ဝင်စားလိုမှုက အားနည်းလွန်းလှသည် ။ ပြီးသည် ကလောင် အမည်က စိတ်ထဲသို့ ဒိုင်းခနဲဝင်မသွား။ စိတ်တံခါးဝတွင် ဝေ့လည်ဝေ့လည် ဝဲနေသည် ။ နန်းဆန်နေသလိုလို သိုက်သမိုင်းဆန်နေသလိုလို ထင်သည် ။ နံပါတ် (၂)အချက်က သူပို့လိုက်သည့် စာမူတွေက ပထမဆုံးဖြစ်သော သည် တစ်ကြိမ်တည်းနှင့် (၆)ပုဒ်ကြီးတောင်မှ များ ပြားလွန်းနေသည့် အခါ တွေးခေါ်ဆင်ခြင်နက်ရှိုင်းမှုနည်းစွာ ခပ်လွယ်လွယ်ကောက်ရေးထားသည့် ပေါပေါပဲပဲတွေဟု ပဲ ထင်လိုက်မိသည် လည်း အမှန်။

သို့နှင့် ပင် သူ့စာမူတွေကို မဖတ်ဖြစ်ဘဲ သည့် ပြင်စာမူတွေကိုချည်းကျော်ဖတ်နေဖြစ်ခဲ့သည် မှာ တစ်လကျော် နှစ်လနီးပါးပင် ရှိမည်ထင်သည် ။ ဖတ်ရန်စာမူဖိုင်ထဲမှာ အဲ့သည် စာမူတွေ သောင်တင်နေခဲ့တော့၏။

## (၂)

တကယ်တော့ ကျွန်တော်က အယ်ဒီတာအတတ်ပညာကို ကျွမ်းကျင်တတ်မြောက်ထားပြီးသူဖြစ်၍ အယ်ဒီတာစာပွဲတွင် ဝင်ထိုင်သူမဟုတ်။

ရသ စာပေကိုချစ်သူ၊ ရစာပေ ရေးသားဖန်ဆင်းလိုသူမျှသာ ဖြစ်သည် ။ ' 'ချယ်ရီ မဂ္ဂဇင်း''ကို ထုတ်ဝေလက်စရှိသူထံမှ လွှဲပြောင်းယူကာ မူသစ်၊ ပုံစံသစ် အသွင်သစ်ဖြင့် ထုတ်ဝေမည်ဟု စီစဉ်သည့် ''ပြည်သွေးနိုင်'' ( ယခု ခေတ်ရန်နံ့မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ)က နယ်တွင် ပြန်ရောက်နေသည့် ကျွန်တော့် ကို လာကူလှည့်ပါ လှမ်းခေါ်သဖြင့် မဆွတ်ခင်က ညွှတ်ချင်နေသော ကျွန်တော် က ဒရောသောပါး ပြေးလာလျှက် အယ်ဒီတာထိုင်ခုံတွင် ဝင်ထိုင်လိုက်မိခြင်း ဖြစ်၏။

ပြည်သွေးနိုင်၊ လင်းထိပ်သျှင် (ယခုပေါ်ပြူလာမဂ္ဂဇင်း အယ်ဒီတာအဖွဲ့ ဝင်)နှင့် ကျွန်တော် (၃)ယောက်။ ကျွန်တော်က ဝတ္ထုနှင့် ဆောင်းပါးတွေ တာဝန်ခံဖတ်ရှုရွေးချယ်သည့် တာဝန်ခွဲဝေယူရသည် ။

ဝတ္ထုကောင်းကောင်း စာမူလေးတစ်ပုဒ်တစ်လေများ ဖတ်လိုက်ရလျှင် ရတနာတစ်ထုပ် ကောက်ရသလောက် ပျော်တတ်သူက ကျွန်တော် ဖြစ်၏။ တိုက်သို့ရောက်လာသည့် စာမူလေးတွေကို လေးလေးစားစား တန်ဖိုးတထား ဖတ်နေရလျှင် ပျော်သည် ။ စာမူတစ်ပုဒ်ပုဒ်ဖတ်လျှင် စိတ်တိုင်းကျသည် ဖြစ် စေ မကျသည် ဖြစ်စေ နောက်ဆုံး စာတစ်ကြောင်းအထိ အသေအချာ အနု စိတ်ဖတ်ရမှ လည်း ကျေနပ်သည် ။ ကလောင်အသစ်ထဲမှ ရေးလက်ကောင်း သည့် စာမူတစ်ပုဒ်တစ်လေများ တွေ့လျှင် ရွှေကြောကြီးတစ်ခုကို ဒက်ထိ ဖောက်မိလိုက်သည့် သတ္တုတွင်းအလုပ်သမားတစ်ယောက်လိုလည်း ပျော်သည် ။ ကိုယ်ပိုင်သည့် ဥစ္စာမဟုတ်သည့် တိုင် ကိုယ့်လုပ်အားပါသည့် တွင်းထဲမှာ တွေ့ ရသည့် ရွှေကြောပေပဲ ။

(၃)

တစ်ရက်

ဖတ်စရာ စာမူလည်း ပြတ်နေ။ အလုပ်ကလည်း အားနေသဖြင့် စာမူဖိုင် ထဲတွင် သောင်တင်နေသည့် ''၏ စာမူလေးတွေကို သတိရ သည် ။ စာမူရှင်ကို အားနာဖို့ ကောင်းလှပြီအသိက ခေါင်းထဲပြေးဝင်လာသည် ။ သည် လိုနှင့် ဖတ်ဖြစ်လိုက်တော့ တစ်ပုဒ်၊ နှစ်ပုဒ်၊ သုံးပုဒ်၊ လေးပုဒ်၊ ငါးပုဒ်၊ ခြောက်ပုဒ် . . .။

စာမူ (၆)ပုဒ်လုံး နေ့တစ်ဝက်တည်းနှင့် ဖတ်လို့ ပြီးသွားသည် ။ ပြီးအောင် ဖတ်လိုက်ဦးမှ ပါဟု ဇွတ်ဖတ်ရခြင်းမျိုး မဟုတ်။ စာမူ (၆)ပုဒ်လုံးက ကိုယ့်ကို ဒယဉ်တိုက်ပြီး ဆွဲခေါ်သွားခဲ့သဖြင့် ၏ ရေးဖွဲ့မှုဝါကျတွေနောက် ဒရောသောပါးဖြင့် အလိုလို ပါသွားခဲ့ရခြင်း ဖြစ်သည် ။

စာမူတွေအားလုံး ဖတ်ပြီးသွားသည် နှင့် ပြည့်ဝဖျော်ရည်တစ်ခွက် ရင် ဘတ်ပြည့် သောက်ချလိုက်ရသလို လူက လန်းဆတ်တက်ကြွသွားသည် ။

သည် စာမူတွေကို တစ်လကျော် နှစ်လနီးပါး မဖတ်ဖြစ်ဘဲ ပစ်ထားသလို ဖြစ်ခဲ့သည့် ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်မိသည် ။ ကောင်းလိုက်တဲ့ ရသဝတ္ထုတိုစာမူတွေဟု စိတ်ထဲမှာ အကြိမ်ကြိမ်ပြောမိသည် ။

သည် အကြောင်း ပြောပြချင်လွန်းလို့ အနားက အယ်ဒီတာကိုယ်တော်တို့ ကို ကြည့်မိတော့ တစ်ယောက်မျှမရှိကြ။ နေ့လည်ခင်း လက်ဖက်ရည်ချိန်မို့ လက်ဖက်ရည်ဆိုင်ရောက်နေကြပြီ။ ကျွန်တော်သည် သာ သည် ဝတ္ထုတွေနှင့် တစ်ကိုယ်တည်း။

နောက်ဆုံးတွင် တော့ စာမူနောက်ဆုံးစာမျက်နှာတွင် ပါသည့် စာရေးဆရာ ၏ တယ်လီဖုန်းနံပါတ်ကို ကောက်လှည့်မိတော့သည် ။ ဆက်တော့လည်း ထိုဖုန်းရှိသည့် အိမ်က ကို မသိ။ အဲ့သည် အိမ်မှာ လည်း သည် နာမည်မရှိဟု ဆိုနေသည် ။ သည် ဖုန်းနံပါတ်ကိုပင် အတိ အကျပေး

ထားခဲ့တာပါ ထပ်ပြောမှ နောက်ထပ်အသံတစ်သံသို့ ပြောင်းသွား သည် ။ သည် တော့မှ နောက်ပြောင်းကိုင်သည့် အမျိုးသမီးသံက ဆိုသူမှာ သူဖြစ်သည့် အကြောင်း ပြောသည် ။

ဆိုသည့် စာရေးဆရာမကို တွေ့လိုက်ရပြီဖြစ်သဖြင့် ပြော ချင်လွန်းနေသည့် ကိုယ့်ပါးစပ်က ကျိုးကျလိုက်သည့် ရေကာတာတစ်ခုလို တောက်လျှောက်မစဲဖြစ်တော့သည် ။

စာမူ (၆)ပုဒ်စလုံးကို ကြိုက်သည့် အကြောင်း။ သို့သော် (၂)ပုဒ်ကမူ အကြောင်းအရာက ရိုးနေသည် ထင်သဖြင့် ပယ်လိုက်သည့် အကြောင်း။ ကျန် (၄)ပုဒ်ကို နီးနိုင်သမျှအနီးဆုံးလတွင် ဖော်ပြပေးနိုင်ရန် တာဝန်ခံ အယ်ဒီတာ လက်သို့ သည် နေ့ပင် အပ်လိုက်ပါမည်ဆိုသည့် အကြောင်း တွေကို ပြောပြလိုက် မိသည် ။ ကိုယ်သည် ပင် သည် လောက် ထိန်းမနိုင် သိမ်းမရ ပျော်မိမှ တော့ ဆရာမ ဘယ်လောက်ပျော်မည်ကိုလည်း စိတ်ထဲတွေးကာ မုဒိ တာပီတိတွေ ဖြစ်လိုက်မိရသေးသည် ။

ဆရာမနှင့် ဖုန်းပြောပြီးတော့မှ သူပေးထားသည့် လိပ်စာ လက်ရေး တွေပေါ်သို့ မျက်လုံးပြန်ရောက်လိုက်မိတော့ နောက်ထပ် နာမည်တစ်ခု ထပ်တွေ့လိုက်ရသည် ။

ယခင် အသုံးပြုခဲ့သော ကလောင်အမည် စုစုမြတ်ကျော်တဲ့ ။

ကျွန်တော့်မျက်ခုံးတွေ ပင့်သွားသည် ။ သည် ကလောင် ကျွန်တော် ဖတ်ခဲ့ ဖူးသည် ပဲ။ ဖတ်ဖူးရုံမျှမက ကြိုက်နှစ်သက်ခဲ့ဖူးသည် ။ သည် တော့မှ ဆရာမ ဆိုသည် မှာ ကလောင်သစ်တစ်လက်မဟုတ်ပါလား သိ သည် ။ စုစုမြတ်ကျော်ကလောင်အမည် ကောင်းပါလျက် အဘယ့်ကြောင့် နန်းဧကရီ ရှင်ဟု ပြောင်းလိုက်ရတာပါလိမ့်လည်း တွေးမိလိုက်သေး သည် ။ ထားတော့ ဒါက စာရေးဆရာ၏ ကဏ္ဍ။

နောက်တစ်လထုတ် ချယ်ရီမဂ္ဂဇင်းတွင် ဆရာမ၏ ''ကျော တစ်နေရာ''ဝတ္ထုတိုလေး သုံးဖြစ်လိုက်တော့ ထိုရက်ထဲတွင် လွှင့်ထုတ်သည့် ဗွီအိုအေအသံလွှင့်ဌာနမှ စာရေးဆရာမ 'မေငြိမ်း'၏ စာအုပ်ကဏ္ဍတွင် တစ်ပုဒ် လုံးနီးပါးကို စင်တင်ဖတ်ပြသွားတော့ ဆရာမထံ ချက်ချင်းဆို သလို ဝမ်းသာအားရနှင့် ဖုန်းကောက်ဆက်ပြီး ကွန်ဂရက်ကျူလေးရှင်း လုပ်ရ သည် ။ ဆရာမလည်း ပျော်မည်သေချာသည် ။ ကျွန်တော်တို့ ချယ်ရီ အယ်ဒီတာတစ်ဖွဲ့လုံးလည်း ပျော်ကြသည် ။

သည့် နောက်တော့ ဆရာမ၏ ဝတ္ထုတိုတွေကို ချယ်ရီမဂ္ဂဇင်း တွင်ရော ချယ်ရီမဂ္ဂဇင်း အယ်ဒီတာအဖွဲ့ကပင် တာဝန်ယူပူးတွဲထုတ်ဝေသည့် ရန်နံ့သစ်မဂ္ဂဇင်းတွင် ပါ ဆက်လက်ဖော်ပြဖြစ်လာခဲ့သည် ။ ကျွန်တော်တို့ ၏ မဂ္ဂဇင်း (၂)စောင်တွင် သာမက အခြားအခြားသော မဂ္ဂဇင်းတွေမှာ လည်း ဆရာမ၏ လက်ရာကောင်း ရသဝတ္ထုတို လေးတွေကို ခပ်စိတ်စိတ် တွေ့လာရသည် ။

၁၀-၂၀၁၁ ခုနှစ် ရွှေအမြူတေစာပေဆုပေးပွဲ၏ ပရိသတ်အကြိုက်ဆုကိုလည်း ရွှေအမြူတေမဂ္ဂဇင်း နိုဝင်ဘာလထုတ်တွင် ဖော်ပြပါရှိသော ''ကျွန်တော်နှင့် သူမ''ဝတ္ထုတိုဖြင့် ဆွတ်ခူးရယူနိုင်ခဲ့သည် ။ စင်စစ်မူ သိပ်မကြာလှသည့် ကာလအတွင်းမှာ ပင် စာဖတ်ပရိသတ်၏ နှစ်ခြိုက်အားပေးခြင်းခံလာရသော ''ဆိုသည့် ကလောင်မှာ ကလောင်သစ်မဟုတ်ခဲ့။ စာဖတ်ပရိသတ်နှင့် ရင်းနှီးပြီးဖြစ်သော ရေးသက် ရကလောင် ''စုစုမြတ်ကျော်'ပင်ဖြစ်တော့သည် ။

ယခုအခါ မဂ္ဂဇင်းအသီးသီးတွင် ပါဝင်ခဲ့သော ဆရာမ၏ ဝတ္ထုတိုများကို စုစည်းထုတ်ဝေလိုက်ပြီဖြစ်သည် ။ ဝတ္ထုတိုများ မည်သို့ ကောင်း မွန်ကြောင်း အထူးအထွေ ရှင်းလင်းမိတ်ဆက်တင်ပြရန် မလို

အပ်တော့ပါဟု သာ ထင်ပါသည် ။

သင်းရီ

*

## စာဖတ်သူသို့

ရွှေအမြုတေမဂ္ဂဇင်းနဲ့ ဖူးငုံဆယ်ကျော်သက်မဂ္ဂဇင်းတွေမှာ ဖော်ပြခဲ့တဲ့ ဝတ္ထုတွေမှာ အများအားဖြင့် စာရေးဆရာကို မတွေ့ဖူး၊ မမြင်ဖူးပါ။ ဆရာ၊ ဆရာမတို့ ရဲ့ ဝတ္ထုတွေကို ဖတ်ပြီး ဖော်ပြဖို့ သင့်လျော်တဲ့ ဝတ္ထုတွေကိုသာ ရွေးချယ်၍ ဖော်ပြလေ့ရှိပါတယ်။ အထူးသဖြင့် နယ်ကရေးတဲ့ စာရေးဆရာ၊ ဆရာမတွေဆိုရင် အခုအချိန်ထိ လူချင်းမတွေ့ဖူးသူတွေ ရှိပါတယ်။ ဆရာမ ကိုလည်း လူချင်းမတွေ့ဖူးပါ။ တိုင်းရင်းသူ စာရေးဆရာမတစ်ဦး ဖြစ်မယ်လို့ စိတ်ထဲ ရှိပါတယ်။ ရေးတဲ့ အကြောင်းအရာတွေက မိသားစုဘဝနဲ့ ပတ်ဝန်းကျင်အကြောင်းအရာတွေ၊ ဘဝသရုပ်ဖော်ဝတ္ထုတွေ များ ပါတယ်။

လူကို မတွေ့ဖူးပေမဲ့ ဆရာမရဲ့ ဝတ္ထုတွေကို ရင်းနှီးနေပါတယ်။ ပြီးခဲ့တဲ့ လေး၊ ငါးနှစ်လောက်ကတော့ ဆရာမကို ရန်နံ့သစ်မဂ္ဂဇင်း အယ်ဒီတာ စားပွဲမှာ ကြုံရ တယ်။ အယ်ဒီတာအဖွဲ့က မိတ်ဆက်ပေးတော့မှ လူပုဂ္ဂိုလ်နဲ့ ကလောင်နာမည် တွဲသိခဲ့ရပါတယ်။ ရွှေအမြုတေမဂ္ဂဇင်းတိုက်ကို တစ်ခါတစ်ရံ ရောက်လာတတ် ပြီး စာမူပေး၊ စာမူခထုတ် အစရှိသဖြင့် ခဏတစ်ဖြုတ် ကြုံတတ်တာမို့ အထွေအထူး စကားမပြောဖြစ်ပါ။ ဆရာမကိုယ်တိုင်ကလည်း စကားနည်းဟန် ရှိတာမို့ တစ်ခွန်းစ နှစ်ခွန်းစ စကားပြောရင်း စာကြည့်တိုက်မှူးတစ်ဦးဖြစ် ကြောင်း၊ သန်လျင်ရှိ မြန်

မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်က စာကြည့် တိုက်မှာ တာဝန်ထမ်း ဆောင်ကြောင်း၊ ရန်ကုန်မြို့ လှိုင်မြို့နယ်မှာ နေကြောင်း၊ ညီမငယ် တစ်ဦးရှိကြောင်း စသည့် ဖြင့် ဆရာမရဲ့ ဘဝအစိတ်အပိုင်းလေးတွေ ဆက်စပ်လို့ ရပါတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းတွေမှာ ရွှေအမြုတေမဂ္ဂဇင်းတိုက်မှာ ဆရာမနဲ့ တွေ့တော့ စကားစမြည် ပြောဖြစ်တယ်။ ကလောင်နာမည်နန်း ဇကေရီရှင်ဖြစ်တာမို့ ရှမ်းတိုင်းရင်းသူလားလို့ မေးတော့ ဆရာမက ပြုံးတယ်။ မြန်မာစစ်စစ်ပါဆိုတဲ့ အဖြေအပြင် ပိုပြီး ပြောမပြ။

ပင်ကိုယ်စကားနည်းတဲ့ ဆရာမရဲ့ ဝတ္ထုတွေမှာ ကျတော့ ဇာတ်လမ်း ၊ ဇာတ်ကောင်စရိုက်၊ အခင်းအကျင်း အခက်အလက်ပြည့်စုံအောင် ရေးဖွဲ့တတ် တယ်။ ဆရာမရဲ့ ရေးဖွဲ့မှုတွေမှာ အပိုအလိုမရှိ။ သူပြောချင်တဲ့ အကြောင်းအရာ ကို စာဖတ်သူ စိတ်ဝင်စားအောင် စွဲဆောင်ယူတယ်။ စာဖတ်သူ စိတ်ဝင်စား မှုဖြစ်လာအောင် ရေးဖွဲ့တယ်။ စိတ်ဝင်စားမှု အမြင့်ဆုံးရောက်မှ သူပေးချင်တဲ့ အချက်အလက်ကို ပေးတယ်။ ပြီးရင် သူ့ဝတ္ထုကို အဆုံးသတ်တယ်။ စာဖတ်သူ တွေးယူရမယ့်အချက်တွေ ချန်ထားခဲ့တယ်။ ဒါက ဆရာမ ရဲ့ ရေးဟန်ပါပဲ။

စာရေးဆရာ တော်တော်များများ ကြုံရတာက အဲဒီဝတ္ထုက စာရေးသူရဲ့ အကြောင်းလား၊ ဒါမှ မဟုတ် စာရေးသူရဲ့ ကိုယ်တွေ့အဖြစ်အပျက်လားဆိုတဲ့ မေးခွန်းပါပဲ။ အများအားဖြင့်လည်း စာရေးသူတွေက သူတို့ရဲ့ အတွေ့အကြုံ၊ အတွေးအကြံတွေကို ဇာတ်ကောင်မွေး၊ ဇာတ်အိမ်ဖွဲ့ ရေးလေ့ရှိကြပါတယ်။ အထူးသဖြင့် သူကျင်လည်ရာဝန်းကျင်ကို အခြေပြုပြီးလည်း ရေးလေ့ရှိတယ်။ စာရေးသက်ရင့်လာတာနဲ့ အမျှလေ့လာအားများ သူတွေက အကြောင်းအရာ သစ်၊ အတွေးအကြံအသစ်များကို အနုပညာမြောက် ဖန်တီးကြလေ့ရှိပါတယ်။ အချို့စာရေးသူများ ကျတော့လည်း စာရေးခါစမှာ ရေးစရာအကြောင်းအရာ တွေ အများ

အပြားရှိနေကြပြီး ရေးသက်ကြာလာတဲ့ အခါ ရေးစရာကုန်သွား တယ်။ ခြေကုန်လက်ပန်းကျသွားတယ်ဆိုတာထက် နောက်ထပ်အကြောင်း အရာသစ်တွေအတွက် ဖြည့်ဆည်းအားထုတ်မှုမရှိတာကြောင့် ဖြစ်ပါတယ် ။

ရွှေအမြုတေမဂ္ဂဇင်း အယ်ဒီတာစားပွဲမှာ ဖတ်နေရတဲ့ စာရေးဆရာ အတော်များများ ၊ အထူးသဖြင့် ရွှေအသစ်စာမျက်နှာများက တက်လာတ ဲ့ စာရေးဆရာတွေ၊ ရွှေအမြုတေစာပေဆုရ စာရေးဆရာတွေ ရေးရင်းရေးရင်း နဲ့ လက်ပန်းကျသွားကြတယ်။ ရေးစရာအကြောင်းအရာ ခမ်းသွားကြပုံရတယ်။ ဒါမှ မဟုတ် ဘဝထဲမှာ ရုန်းရင်းကန်ရင်း သားရေး၊ သမီးရေး၊ အိမ်ထောင် ရေးတွေထဲမှာ နစ်မြုပ်သွားကြပုံ ရပါတယ်။ အရင်လို မရေးနိုင်ကြတော့ဘူး။ ရွေးချယ်ခံထားရတဲ့ ဝတ္ထုတွေ မရှိကြဘူး။ တစ်နှစ်မှာ တစ်ပုဒ်စ နှစ်ပုဒ်စ ရေးသားပေးပို့ကြပြီး တဖြည်းဖြည်းနဲ့ ရွှေအမြုတေနဲ့ အနေဝေးသွားကြတာ တွေ့ရပါတယ်။

အနုပညာဖန်တီးမှုအားကောင်းသူတွေကျတော့ ဘယ်အချိန်မှာ ပဲဖြစ်ဖြစ် သူတို့ ရေးတဲ့ ဝတ္ထုတွေက စာဖတ်သူကို တသသဖြစ်ပြီး ကျန်ရစ်စေပါတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းက ရသစာတမ်းတစ်ပုဒ်ကိုဖတ်ပြီးတော့ တသသ ဖြစ်ရတယ်။ ရင်ထဲ ထိခတ်အောင် ရေးဖွဲ့ထားတာမို့ အယ်ဒီတာအနေနဲ့ မမေးကောင်းတဲ့ မေးခွန်းတစ်ခုကို စာရေးဆရာကို မေးဖြစ်တယ်။ အဲဒီဇာတ်ကောင်က ဘယ်သူ လဲဆိုတဲ့ မေးခွန်းပါ။ စာရေးသူက အံ့သြပြီး တကယ်မသိဘူးလား၊ အဲဒါ ကျွန်တော်ကိုယ်တိုင်ပါပဲတဲ့ ။ စာရေးဆရာများ ရေးဖွဲ့ခြင်းအနုပညာကို နိုင်နင်း တဲ့ အခါမှာ စာဖတ်သူက အရေးအဖွဲ့နောက်ကိုပါသွားပြီး စာရေးသူပေးတဲ့ အတွေးထဲမှာ ကျန်နေရစ်ရပါတယ်။

ဆရာမရဲ့ ဝတ္ထုတွေဖတ်ရတဲ့ အခါ အဲဒီရသကို ခံစားရပါ တယ်။ စာရေးသက်မြင့်မားမှု၊ အတွေ့အကြုံရင့်ကျက်မှုတွေက ဆရာမရဲ့ ဝတ္ထုတွေမှာ မြင်သာပါတယ်။ ဝတ္ထုတွေကို သူ့ပတ်ဝန်းကျင်၊ သူ့ဘဝ၊ သူ့ ဖြတ်သန်းမှုတွေနဲ့ အခြေခံတည်ဆောက်ထားတယ်လို့ သုံးသပ်မိတယ်။ တချို့ ဝတ္ထုတွေက ဆရာမရဲ့ ကိုယ်တွေ့လား၊ ဇာတ်ကောင်ကိုယ်တိုင်က ဆရာမ လား အတွေးပွားရသလို ခက်ခဲတဲ့ ဘဝ၊ ရုန်းကန်ရတဲ့ အတွေ့၊ ဆွတ်ပျံ့ဖွယ်အချစ်၊ လွမ်းမောဖွယ်ဖြတ်သန်းမှုတွေကို ဖတ်ရတယ်။

ဝတ္ထုတိုစုစည်းမှုကို ဆရာမက ကျွန်မတို့ ခေတ်နဲ့ ကျွန်မတို့ အချစ်လို့ အမည်ပေးထားပါတယ်။

ကျွန်မတို့ ခေတ် ခေါင်းစည်းအောက်မှာ ဝတ္ထုတို (၁၃)ပုဒ်ပါဝင်ပြီး ကျွန်မတို့ အချစ် ခေါင်းစည်းအောက်မှာ ဝတ္ထုတို (၄)ပုဒ် ပါဝင်ပါသည် ။ ၁၉၉၅ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အတွင်း ရေးခဲ့တဲ့ ဝတ္ထုတွေထဲက ရွေးချယ်စုစည်းထားတာပါ။ စုစုမြတ်ကျော် ကလောင်အမည်နဲ့ ရေးခဲ့တဲ့ ဝတ္ထု (၃)ပုဒ်ပါဝင်ပါတယ်။ ဝတ္ထုတိုရေးကြတဲ့ စာရေးဆရာများ အဖို့ ဝတ္ထုတိုပေါင်းချုပ် ထုတ်ဝေနိုင်ခြင်းက စာရေးသူရဲ့ မှတ်တိုင်တစ်ခုပါပဲ။ ဝတ္ထုတွေ ကို ခုနှစ်သက္ကရာဇ် အစဉ်လိုက်စဉ်ထားတာမို့ စာရေးသူရဲ့ အရေးအသား၊ အကြောင်းအရာ၊ တင်ပြပုံ ပြောင်းလဲတိုးတက်လာတာကို စာဖတ်သူကိုယ်တိုင် သတိထားမိမှာ ဖြစ်ပါတယ်။ အလားတူ စာရေးသူရဲ့ ရေးအား အတက်အကျ ကိုလည်း မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဖော်ပြထားတဲ့ ဝတ္ထုတိုအများ စုက ရွှေအမြုတေမဂ္ဂဇင်းမှာ ဖော်ပြခဲ့တဲ့ ဝတ္ထုတိုတွေပဲ ဖြစ်ပါတယ်။ အဲဒီအတွက် ရွှေအမြုတေမဂ္ဂဇင်း အယ်ဒီတာအနေနဲ့ ဒီဝတ္ထုတိုစုစည်းမှုကို ဂုဏ်ယူရပါ တယ်။ အလားတူ မူလရွေးချယ်ဖော်ပြခဲ့ကြတဲ့ ရနံ့သစ်မဂ္ဂဇင်း၊ ချယ်ရီမဂ္ဂဇင်း၊ မဟေသီမဂ္ဂဇင်းနဲ့ ရွှေအောင်လံမဂ္ဂဇင်းတို့ က အယ်ဒီတာများကိုလည်း ရွေး ချယ်ဖော်ပြမှုများ

အတွက် လေးစားရပါကြောင်း ပြောကြားလိုပါတယ်။

**ချစ်ခင်စွာ**

**မျိုးမြင့်ညိမ်း**

*

## ခင်နှင်းဦး၏ အမှာ စာ

စာပေရေစီးကြောင်းများကို ပြန်ပြောင်းငဲ့ကြည့်လျှင် အရှိန်အဟု န်ကောင်း ကောင်းဖြင့် ရေကြည်ရေသန့်များ တသွင်သွင်စီးဆင်းခဲ့သည့် ကာလများ လည်း ရှိခဲ့၏။ ရေစီးကြောင်းတွင် ဒိုက်အမှိုက်သရိုက်တို့ ရောပါစီးဆင်းလျှက် ပကတိ မကြည်လင်၊ မသန့်ရှင်းသော ရေသာစီးဆင်းခဲ့သည့် အချိန်များ လည်း ရှိခဲ့ ပါသည် ။ သို့သော် စာပေရေစီးကြောင်း လုံးဝရပ်တန့်သွားခြင်းကား မရှိခဲ့။ ဘာသာစကားနှင့် စာပေပေါ်ထွန်းလာကတည်းက လူမျိုးအသီးသီး၏ စာပေသည် တိုးတက်မြင့်မားချိန်လည်း ရှိခဲ့ကြပါသည် ။ ဆုတ်ယုတ်လျော့ပါး ချိန်ကိုလည်း ကြုံကြိုက်ခဲ့ကြရ၏။ ရံဖန်ရံခါ လူမျိုးတစ်မျိုး၏ စာပေရပ်တန့် သွားလျှင်ပင် အဆုံးတိုင် ခန်းခြောက်သွားခြင်း မဟုတ်ဘဲ မြေလွှာအောက်တွင် ဆက်လက်တည်ရှိမြဲရှိလျှက်၊ အခါအခွင့်သင့်ချိန်တွင် မြေပြင်ပေါ်၌ ပြန်လည် စီးဆင်းလာစမြဲပင်။ ဂရိစာပေရပ်တန့်သွားသော်လည်း ဂရိစာပေ ပျောက်ကွယ် မသွားသည့် ဥပမာကို အထင်အရှား ဖြစ်နိုင်ပါသည် ။

ယနေ့မြန်မာစာပေလောကအခြေအနေ မကောင်းဟု ယေဘုယျဆိုကြပါ သည် ။ အထူးသဖြင့် ရသစာပေများ ရေးအားလည်း ကျဆင်းနေသည် ။ ရောင်းအားလည်း ကျဆင်းနေသည် ဟု ဆိုကြပါသည် ။

မြန်မာစာရေးဆရာများ ၊ ထုတ်ဝေသူများ သည် မြန်မာရသစာပေအ

တွက် ပူပန်သောကရှိကြပါသည် ။ ဟောပြောပွဲများ ၊ အလုပ်ရုံဆွေးနွေး ပွဲများ ကျင်းပ အဖြေရှာခြင်းများ လည်း ပြုလုပ်ကြပါသည် ။

ဗုဒ္ဓ တရားအရလည်းကောင်း၊ လောကနိယာမအရလည်းကောင်း၊ အကြောင်းကြောင်းတို့ ပေါင်းစည်း၍ အကျိုးတရားပေါ်ထွန်းရသည် ဖြစ်ရာ ၁၉၆၄ ခုနှစ်ကစ၍ ပေါ်ပေါက်လာသော စာပေစိစစ်ရေး၊ ၁၉၆၄ ကစ၍ ပေါ်ပေါက်လာသော စနစ်သစ်ပညာရေး၊ ၁၉၆၄ နောက်ပိုင်းမှ စ၍ ယနေ့ထိ ပြည်သူအများ စု စီးပွားရေး နလန်မထူခြင်းဟူသော ရေခံမြေခံပေါ်တွင် ရသ စာပေဟူသော ကြာပန်းမပြင့်နိုင်ခြင်းက သဘာဝကျပါသည် ။ ရေမြင့်မှ ကြာ တင့်ဆိုသကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ ပညာရေး၊ စီးပွားရေးမကောင်းဘဲ လွတ် လပ်စွာ စိတ်ကူးကြံစည်ရေးသားခွင့် မရှိဘဲ ရသစာပေမဖွံ့ဖြိုးနိုင်ပါ။

မြန်မာရသစာပေသည် ၁၉၆၄ ခုနှစ်နောက်ပိုင်း တစ်စ,တစ်စ ကျဆင်း လာသည် မှန်သော်လည်း လုံးဝပျောက်ကွယ်ခန်းခြောက်သွားခြင်း မဟုတ်ပါ။ ထိုကာလများကြားပင် ရသစာပေကို အဆင့်မြင့်မြင့် ရေးသားနိုင်စွမ်းရှိသော၊ စိုက်လိုက်မတ်တတ်ရေးသားသော စာရေးဆရာများ ပေါ်ထွက်ခဲ့ပါသည် ။ ဆောင်းဝင်းလတ်၊ ဂျူး၊ နုနုရည်(အင်းဝ)၊ နေဝင်းမြင့်၊ ခင်ခင်ထူး၊ ညီပုလေး၊ ကိုညိုပြာ၊ မိချမ်းဝေ၊ ခင်မြဇင်၊ နှင်းဝေငြိမ်း စသော စာပေမျိုး ဆက်မှ မင်းဝေဟင်၊ ငွေဇင်ယော်ဦး(မိုးကုတ်)၊ ကြည်မွေ့အိမ်၊ ခင်သန္တာ၊ အဖြူရောင်(ရွှေ) စသော လူငယ်စာပေမျိုးဆက်များ ပေါ်ထွက်လာပါသည် ။

မင်းဝေဟင်တို့ နှင့် ခေတ်ပြိုင် စုစုမြတ်ကျော်အမည်ရှိ ရသစာပေကောင်း များ ရေးသားသည့် ကလောင်တစ်ချောင်းလည်း စာပေလောကတွင် မွေးဖွား လာပါသည် ။ ရန်နံ့သစ်၊ ရွှေအမြုတေ စသော မဂ္ဂဇင်းစာဖ

တ်ပရိသတ်တို့ ကျွမ်းဝင်ပြီးဖြစ်သည့် စုစုမြတ်ကျော်သည် နောက်ပိုင်းတွင် ကလောင်နာမည် ပြောင်းပြီး ''''အမည်ဖြင့် ရသစာပေများ ဆက်လက်ရေးသားခဲ့ သည် ။

စုစုမြတ်ကျော်အမည်၊ အမည်နှစ်မျိုးဖြင့် ရေးသားခဲ့သော ဝတ္ထုတို (၁၇)ပုဒ်ကို စုစည်းလျှက်

''ကျွန်မတို့ ခေတ်နှင့် ကျွန်မတို့ အချစ် ဝတ္ထုတိုများ စုစည်းမှု''

အမည်ဖြင့် ဝတ္ထုတိုပေါင်းချုပ် ထုတ်ဝေရန် အားထုတ် ခဲ့လေပြီ။

လူဦးရေ (၅၁)သန်းရှိသည့် မြန်မာနိုင်ငံတွင် ၊ ရသစာအုပ်များ ၊ တနည်း အားဖြင့် တက်သစ်စစာရေးဆရာများ ၏ ဝတ္ထုစာအုပ်များ ၊ အုပ်ရေ (၅၀၀) ကုန်ရန်မလွယ်ဟု ညည်းညူနေသည့် ကာလတွင် ထုတ်ဝေသည့် ဝတ္ထုတိုပေါင်း ချုပ် ဖြစ်ပါသည် ။

စီးပွားရေးအရ အောင်မြင်သည် ၊ ရှုံးနိမ့်သည် ကတကဏ္ဍ။ ယခု စုစည်း ထားသည့် ၏ ဝတ္ထုတိုလေးများ သည် အတွေးအခေါ်ရေးသားတင်ပြမှုနှင့် ရသမြောက်မှု သုံးနားညီသော ချစ်စဖွယ်ဝတ္ထုတိုလေးများ ဖြစ်ကြပါ သည် ။

ကျွန်မတို့ ခေတ်၊ ကျွန်မတို့ အချစ်ဟူသော ခေါင်းစဉ်နှင့် လျော်ညီစွာ ယနေ့မြန်မာလူမှုဝန်းကျင်၏ အကောင်းအဆိုး၊ အနိမ့်အမြင့်၊ အတက်အကျ များ သူ၏ ဝတ္ထုတိုလေးများ တွင် ထင်ဟပ်နေပါသည် ။

စီးပွားရေးကျပ်တည်းလာခြင်း၏ ဝဲဂယက်ကြားတွင် ပင် ကိုယ်ကျင့်သီလ ထိန်းသူများ ရှိကြပြီး ဘဝ၏ ခက်ခဲမှုများကို ခါးစည်းခံပုံများကိုလည်း ပုံဖော် ထားပါသည် ။

လောကဓာတ်ခုံတွင် စင်မြင့်ထက် လှလှပပ ကပြအသုံးခံနေသူများ

အတွက် စင်နောက်တွင် ဖိုသီဖတ်သီချွေးတလုံးလုံးဖြင့် ဖြည့်ဆည်းပံ့ပိုးပေး နေသူများ ရှိကြောင်း ''သမီးနှစ်ယောက်'' ဝတ္ထုလေးဖြင့် မီးမောင်းထိုးပြထား ပါသည် ။

အချစ်နှင့် ပတ်သက်ပါက ငွေ၊ ရာထူး၊ ဂုဏ်နှင့် ကိုယ်ကျင့်တရားဘက် တိမ်းသည့် အချစ်မျိုးကို မသိမသာ ဖယ်ရှားလျှက် အချစ်ဟူသည် စိတ်ခံစားမှု တစ်မျိုးတည်းနောက် ကောက်ကောက်ပါအောင် မလိုက်သင့်သော၊ ရုပ်ပိုင်း ဆိုင်ရာစိတ်ပိုင်းဆိုင်ရာ စံသတ်မှတ်ချက်များ နှင့် လည်း အကြုံးဝင်ကြောင်း ဖော်ပြထားပေသည် ။

မည်သို့ဆိုစေ ဟူသော သက်လတ်တမ်းကလောင်၏ စာပေ လက်ရာများက ရသစာပေကောင်းများ ဖြစ်ကြောင်း စာဖတ်သူတို့ ကိုယ်တိုင် မှတ်ကျောက်တင်ပါလေ။

**ခင်နှင်းဦး**

*

# ကျွန်မတို့ ခေတ်

ကျွန်မတို့ ခေတ်ဆိုသည် မှာ ကျွန်မတို့ မွေးဖွား၊ ကြီးပြင်းလာသည့် လမ်းစဉ် ပါတီခေတ်၊ န၀တခေတ်မှ သည် ယနေ့ ဒီမိုကရေစီခေတ်ကို ဦးတည်သည့် စပ်ကူးမပ်ကူးကာလထိကို ဆိုလိုပါသည် ။ အဲဒီကာလ၊ အဲဒီအချိန်တွေအားလုံး ဒီနိုင်ငံအတွင်းမှာ မွေးဖွားကြီးပြင်း လူလားမြောက်ခဲ့ရသည့် ကျွန်မတို့ အတွက် နိစ္စဓူ၀ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်၊ အသိအမြင်၊ အတွေးအခေါ်များ သည် အဲဒီခေတ် အဲဒီအချိန်ကာလများ ၏ နောက်ခံအဖြစ်အပျက် အခြေအနေ များကို အရင်းတည်ခဲ့ပါသည် ။ ၀တ္ထုတိုတစ်ပုဒ်သည် ကြီးကျယ်ခမ်းနားသော နောက်ခံသမိုင်းရှိနိုင်သလို နိစ္စဓူ၀အဖြစ်အပျက်တွေထဲမှ သာမန်အကြောင်း အရာတစ်ခု၏ အတွေးတစ်စလည်း ဖြစ်နိုင်ပါသည် ။ ထို့အပြင် ဖျတ်ခနဲ ပြေးသွားသည့် အင်မတန် တိုတောင်းသော ခံစားချက်တစ်ခု၏ မြစ်ဖျားခံရာ လည်း ဖြစ်နိုင်ပါသည် ။ ထို့ကြောင့် ထိုခေတ်တွေအတွင်း ကျွန်မတို့ မွေးဖွားကြီးပြင်းရင်း ထို၀တ္ထုတိုတွေ ဖြစ်တည်ခဲ့ရသည့် အတွက် ''ကျွန်မတို့ ခေတ်'' ဟု သာ စာတန်းထိုးချင်ပါသည် ။

ယခုစုစည်းမှုတွင် ၁၉၉၂ မှ စ ''စုစုမြတ်ကျော်''ကလောင်အမည်ဖြင့် ရေးသားခဲ့သည့် ၀တ္ထုတိုများ နှင့် ၂၀၀၉ ခုနှစ်မှ စတင်အသုံးပြုခဲ့သော ''နန်းဧကရီရှင်''ကလောင်ဖြင့် ရေးသားခဲ့သည့် ၀တ္ထုတိုများ ထဲမှ အချို့ ပါ၀င်ပါသည် ။

## ကျွန်မတို့ အချစ်

မျက်မမြင်ပုဏ္ဏားခြောက်ယောက် ဆင်စမ်းသလို သဘောထားတွေ အမျိုး မျိုးရှိနိုင်သည် မို့ ဒီနေရာမှာ အချစ်အကြောင်း အဓိပ္ပာယ်ဖွင့်ဆိုချ က်မပေးချင်ပါ။

သို့သော် ကျွန်မတို့ ကြီးပြင်းလာသည့် ခေတ်တွင် အချစ်၊ ရသဝတ္ထု တွေ ပေါပေါများများ ဖတ်ခဲ့ရသည် ။ အမေကလည်း အပျိုပေါက်ဖြစ် လာကတည်း က ဒီစာရေးဆရာ၊ စာရေးဆရာမတွေကိုဖတ် စသဖြင့် မိ န်းကလေးတို့ အ တွက် အသိပညာပေးသည့် (အထူးသဖြင့်) အမျိုးသမီး စာရေးဆရာမကြီးများ ၏ စာတွေကိုဖတ်ဖို့ လမ်းညွှန်ခဲ့သည် ။ ထိုအထဲ အမျိုးသမီးလေးတွေအတွက် အချစ်ဆိုတာနှင့် ပတ်သက်လို့ အဓိပ္ပာယ် သက်ရောက်မှုတွေ ပါခဲ့ပါသည် ။ စိတ် ကို အစာကျွေးဖို့ စာဖတ်ခြင်းတ စ်ခုသာ ရှိခဲ့သည့် ကျွန်မတို့ ခေတ်တွင် ''အချစ်''နှင့် ပတ်သက်လို့ စာဖ တ်ခြင်းက ရခဲ့သည့် အသိက ကျွန်မတို့ ဘဝ၊ ကျွန်မတို့ ရပ်တည်မှုကို အ တတ်နိုင်ဆုံး ထိန်းကျောင်းနိုင်ခဲ့ပါသည် ။ ထိုကြောင့် အချစ်သည် တိုင်းပြည်အတွက် ဝန်ထုပ်၊ ဝန်ပိုးအန္တရာယ်တစ်ခုဖြစ်မှု အတော် အတ န် ပါးခဲ့ပါသည် ။ ယနေ့ခေတ်မတော့ အချစ်ဝတ္ထုတွေ ရှားသွားသလို ယ နေ့ခေတ်၏ အချစ်အဓိပ္ပာယ်ဖော်မှုတွေကလည်း ကြောက်စရာကောင်း လာခဲ့သည် ။

ဖြည့်ဆည်းရမည့် လိုအပ်ချက်တွေ၊ ဖြေရှင်းရမည့် ပြဿနာတွေများ ပြား လှသည့် ကျွန်မတို့ နိုင်ငံတွင် အချစ်ရသဝတ္ထုတို့ သည် လည်း လူင ယ်တို့ အတွက် လိုအပ်နေသော အာဟာရဆေးတစ်မျိုး ဖြစ်ပါသည် ။ ကျွ န်မတို့ သည် ကျရာ နေရာတွင် နိုင်ရာတာဝန်ကို အနှောင်အဖွဲ့ကင်းစွာ ထမ်းဆောင်နိုင်ရန် အရေးကြီးပါသည် ။ ဘောလုံးပွဲတစ်ပွဲ အနိုင်ရရန်၊

တစ်ဦးတစ်ယောက်ကောင်း ဖြင့် မရနိုင်သကဲ့သို့ ရှေ့တန်း၊ နောက်တန်း၊ ဘေး၊ ဝဲယာ၊ ဂိုးသမားအပါအဝင် အားလုံးအပေးအယူမျှတစွာ ကစားနိုင်ရန် အရေးကြီးပါသည် ။ ယခုအချိန်သည် လည်း ကျွန်မတို့ အားလုံး ဘောလုံးပွဲတစ်ပွဲ ကစားနေချိန်ဖြစ်ပါသည် ။ ဒီအချိန် လူငယ်တွေ ဆေးစားမှားသွားလျှင် နိုင်ငံအတွက် နောက်ထပ်ဖြေရှင်းရမည့် ပြဿနာတစ်ခုထပ်တိုးသွားနိုင်ပါသည် ။

လူငယ်တွေ ဆေးစားမမှားစေဖို့ အချစ်၊ ရသဝတ္ထုတွေ လိုအပ်သလို ကျွန်မတို့ ယုံကြည်လက်ခံထားသည့် အချစ်ကိုလည်း ယနေ့ခေတ် လူငယ်တို့ ကို ချပြရန် လိုပါသည် ။

ထိုယုံကြည်ချက်ဖြင့် အချစ်ရသဝတ္ထုတွေကို ကျွန်မရေးပါသည် ။ ရေးနိုင်အောင် ကြိုးစားနေဦးမည်လည်း ဖြစ်ပါသည် ။

*

# ကျေးဇူးစကား

လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့် ဖဟူသော စကားအတိုင်း၊ ငယ်စဉ်ကတည်းက ကိုယ့်ဝါသနာအတိုင်း လွတ်လပ်စွာ ကြီးပြင်းစေခဲ့ပြီး သား၊ သမီးအပေါ် ယုံကြည်မှုဖြင့် ထိန်းကျောင်းခဲ့သည့် မိဘနှစ်ပါးနှင့် အတူ စာရေးဆရာဟူသော အမည်နာမကို ဂုဏ်ယူခဲ့သည့် အသိုင်းအဝိုင်းပတ်ဝန်း ကျင်တွင် ကြီးပြင်းခဲ့ရသော ဘဝကို ကျေးဇူးတင်တန်ဖိုးထားရပါကြောင်း ဦးစွာပြောလိုပါသည် ။

အချိန်ကာလတို့ သည် တရွေ့ရွေ့ ကုန်လွန်ကျော်ဖြတ်လာခဲ့သည် နှင့် အမျှ ကွေ့ခဲ့၊ ချိုးခဲ့သည့် ဘဝ၏ အချိုးအကွေ့တိုင်းတွင် ကျေးဇူးတင်ရမည့် သူများ ၊ များ စွာရှိခဲ့ပါသည် ။ ယခုလို ဝတ္ထုတိုစာအုပ်ထုတ်ဝေနိုင်ခဲ့ခြင်းသည် လည်း ကျွန်မဘဝ၏ အချိုးအကွေ့တစ်ခု ဖြစ်ပါသည် ။ ဤအချိုးအကွေ့ဖြစ်မြောက် အောင် စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပေးခဲ့သည့် ကျေးဇူးတော်ရှင်၊ ဆရာ တော်အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)အား ထိခြင်းငါးပါးဖြင့် ရိုကျိုးစွာ ကန်တော့အပ်ပါသည် ။

ဆိုခဲ့သလို ကျေးဇူးတင်ရမည့် သူများ ထဲတွင် ကျွန်မ၏ ဝတ္ထုတိုများကို ဖော်ပြပေးခဲ့သည့် မဂ္ဂဇင်း အယ်ဒီတာ ဆရာ၊ ဆရာမများ ၊ ''နန်းဇကရီရှင်'' ဟူသော ကလောင်ဖြစ်အောင် ကူညီပံ့ပိုးပေးခဲ့ကြသည့် ရန့်သစ်မဂ္ဂဇင်း(ယခု ခေတ်ရန့်)မှ ဆရာပြည်သွေးနိုင်၊ ဆရာသင်းရီ၊ ရွှေအမြု

တောမဂ္ဂဇင်းမှ ဆရာ ဦးဝင်းငြိမ်း၊ ဆရာဦးမျိုးမြင့်ညိမ်းနှင့် ရွှေအမြုတေမှ ဆရာ၊ ဆရာမများ ။ အမှာ စာရေးသားပေးသည့် ဆရာမ ဒေါ်ခင်နှင်းဦး၊ စာကြည့်တိုက်မှူး(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် ကူညီခဲ့သူအားလုံးတို့ ကို သတိတရ မှတ် တမ်းတင်အပ်ပါသည်

အဘိုးအဘွားကျောင်းဆရာ၊ အဖေ အမေကျောင်းဆရာ၊ ဦးလေးအဒေါ် ကျောင်း ဆရာ စသဖြင့် ကျောင်းဆရာ၊ ဆရာမ ပတ် ဝန်းကျင်မှာ ကြီးပြင်းခဲ့ရသည့် ဘဝတွင် 'ဆရာ'ဟူသော အနက်အ ဓိပ္ပါယ်ဖွင့်ဆိုမှုသည် ကြီးကျယ်နက်ရှိုင်းခဲ့ပါသည် ။ ထိုနက် ရှိုင်းမှုက ထိုဝတ္ထုတိုလေးကို မွေးဖွားစေခဲ့ပါ သည် ။

လျှော့ရဲစွာပြုံးလျက် သူအခန်းပြင်ထွက်လိုက်သည် ။ ရောင်စုံမီးပုံးတို့ ဖြင့် လင်းထိန်လှပနေသော အိမ်ရှေ့အိမ်ဆီ အကြည့်ရောက်မှ မီးထွန်းဖို့ သတိရ သည် ။

''ခင်ရေ

ဖယောင်းတိုင်နဲ့ မီးခြစ်ယူခဲ့ပါကွယ်''ဟု အတွင်းခန်းထဲ လှည့် ပြောမိသည် ။ ဖယောင်းတိုင်ငါးတိုင်ကို ကိုင်လျက် ကူညီထွန်းညှိနေရင်း ''ဖယောင်းတိုင်ဈေးကလည်း မသေးဘူး''ဟု ခင် ညည်းညူသည် ။ ဖယောင်းတိုင် မီးဝါဝါအောက် ခြောက်ဆယ်ကျော် ခင်၏ ဇရာအလှ သည် မထည်ဝါ၊ မတောက်ပလှ။ ခင့်ဘက်က သူ့ကိုကြည့်ရင်လည်း ဒီလိုဖြစ် မှာ ပဲဟု တွေးမိသည် ။ သေချာသတိထားထွန်းနေရဲ့ မှ ကိုယ့်လက်ထဲက ဖယောင်းတိုင်သည် ဝရန်တာပေါင်မှ အောက်သို့ပြုတ်ကျသွားသည် ။ ခင့်ဆီ က နောက်တစ်တိုင် မတောင်းတော့ဘဲ အောက်ဆင်းကောက်ဖို့ ပြင်မိသည် ။ ''ဘယ်သွားမလို့ လဲ ဆရာရဲ့ ။ လှေကားက မီးဖြုတ်လိုက်လို့ မှောင်နေ ပြီ။ ပြီးတော့ နေကောင်းတာလည်း မဟုတ်ဘူး ။ ကျွန်မ ဆင်း

ကောက်လိုက် မယ်''ဟု ဆိုကာ ခင် ဆင်းသွားတော့ သူ တွေတွေငေးငေး ကျန်ခဲ့သည် ။ ဟုတ်ပါရဲ့ ။ ခုတလော သူ ကျန်းမာရေးကမကောင်း။ ဘာ အစာမှ လည်း စားမဝင်။ လင်မယားနှစ်ယောက်တည်းရှိသည့် ဘဝတွင် ခင်ကလည်း သူ့ကို တတ်နိုင်သလောက် ပြုစုတာပါပဲ။ ဒါပေမဲ့ သူ မသ က်သာ။

ကျောင်းဆရာ၊ ဆရာမဘဝကျမှ တွေ့ဆုံလက်တွဲခဲ့သည့် သူနဲ့ ခင် အိ မ်ထောင်ရေးသည် နွေးထွေးချမ်းမြေ့ခဲ့ပါသည် ။ ခုဆို သူရော ခင်ပါ ခြောက် ဆယ်ပြည့်၍ သက်ပြည့်ပင်စင်ယူခဲ့ပြီး ဖြစ်သည် ။ အသက်ကြီး မှ အိမ်ထောင် ထူခဲ့သည့် သူတို့ နှစ်ယောက်အတွက် သားသမီးရတနာ လည်း ထွန်းကားခြင်း မရှိခဲ့။ ဒီတော့ တစ်ယောက်နဲ့ တစ်ယောက် ပိုသံ ယောဇဉ်ကြီး ဖြစ်ကြသည် ။ ''ဆရာ''ဟု ခပ်ရိုးရိုး ခေါ်တတ်သည့် ခင်သ ည် သူ့အပေါ်တွင် ဇနီးကောင်း ပီသခဲ့ပါသည် ။

ဖယောင်းတိုင်ကောက်ပြီး အပေါ်ပြန်ရောက်လာသောခင်က အိမ်ရှေ့ အိမ်မှ မီးပုံးတို့ ကို ငေးမောကြည့်ရင်း ''တတ်နိုင်ရင် ဝရန်တာပတ်ပတ် လည် ထွန်းချင်တာဆရာရဲ့ ''ဟု ညည်းတွားသည် ။ ''ရှိသမျှလေး အကု န်ထွန်းလိုက် ပြန်တော့လည်း မီးပျက်ရင်အခက်''ဆိုတဲ့ ခင့်စကားကို '' တတ်နိုင်သလောက် ပေါ့ကွယ်။ စိတ်ထားတတ်ရင် ကုသိုလ်ဖြစ်ပါတယ်' 'ဟု ဖြေသိမ့်မိသည် ။

''ခင်ရေပြီးရင် ဒီနားကို ပက်လက်ကုလားထိုင်လေး ချပေးပါဦး''ဆို တော့ ခင်က နားမလည်သလို ကြည့်သည် ။

''လေတိုက်တယ်ဆရာ။ သိပ်လည်း နေကောင်းတာမဟုတ်ဘဲနဲ့ အ အေးမိ နေပ့ါမယ်ရှင်''ဆိုတဲ့ ခင့်ရဲ့ စကားကို ''မဟုတ်ပါဘူးကွယ်။ ခဏ လေးထိုင်မှာ ပါ။ သီတင်းကျွတ်ညလေးကို ပြန်ခံစားကြည့်ချင်လို့ ပါ''ဟု

တောင်းပန်သလို ပြောမိ သည် ။ အရာရာကို ထပ်တူခံစားနိုင်စွမ်းရှိသည့် ခင်က နားလည်သလို တစ်ချက် ကြည့်ကာ သက်ပြင်းချသည် ။

''စောင်ပါးလေးတော့ ခြုံထားဆရာ။ အအေးမိပြီး ချွဲထ,နေမယ်''ဆိုတဲ့ ခင့်စကားကို တိတ်ဆိတ်စွာ နာယူမိသည် ။

ခင်ချပေးတဲ့ ပက်လက်ကုလားထိုင်မှာ ပျော့ခွေစွာ လှဲချလိုက်ရင်း ထိန် ထိန်သာနေတဲ့ လမင်းကြီးကို ငေးမောကြည့်မိသည် ။

သူ့ရင်ထဲ တစ်ခုခု လိုအပ်နေသလို ခံစားရသည် ။ သူ့ဘေးမှာ ခင်က လည်း သင်ဖြူးလေးခင်းလျက် လာထိုင်သည် ။ ပြီး သူငေးသလို ထိန်ထိန်သာ နေတဲ့ လမင်းကြီးကို ငေးမောကြည့်လို့ နေ၏။ ဝေဒနာရိပ်တို့ စွန်းထင်းနေသည့် ခင့်မျက်နှာကို ငဲ့စောင်းကြည့်လိုက်ရင်း သူ့ရင်ထဲလည်း ကိုယ့်လိုနေမှာ ပဲဟု တွေးလိုက်မိ၏။

ဩော်ခုလိုဆိုတော့လည်း သီတင်းကျွတ်ရာသီသည် သူနဲ့ ခင့်အတွက် တိတ်ဆိတ်ငြိမ်သက်လှချည်လားကွယ်။

*

''ခင်ရေ

ဒီတစ်ခါလာရင်တော့ မင်းပဲကန်တော့ခံလိုက်တော့ကွယ်။ ကိုယ်တစ်နေ့ခင်းလုံး မအိပ်ရသေးဘူး။ မနက်ကတည်းက တစ်ယောက်ပြီး တစ်ယောက် ကန်တော့ခံနေရတာ။ နားကို မနားရသေးဘူး''ဟု စိတ်ပျက်သလို ပြောမိတဲ့ သူ့စကားကို ''မဟုတ်တာရှင်''ဟု ခင်က ကန့်ကွက်သလို ဆိုသည် ။

''သူတို့ က လာကတည်းက ဆရာကြီးဆိုပြီး ဆရာ့ဆီဦးတည်လာတာ။ ရှိနေရဲ့ ထွက်အကန်တော့မခံရင် ဘယ်ကောင်းမလဲ ဆရာရဲ့ ''ဟု

သော ခင့် စကားက ဟုတ်လည်း ဟုတ်နေတာကြောင့် ဘာမှ ပြန်မပြောဖြစ်တော့။ ကျောင်းဆရာဆိုတာ ပြောနေစရာပင် မလို။ ပြော ဆိုဆက်ဆံနေရသည် ။

*



# အားဆေးထိုးခြင်း

ချောင်းက ကျောင်းသားချည်း။ ဒီတော့ သီတင်းကျွတ်ဆို သူ ထွက်တောင်ပြေးချင်သည် ။ ပြီး သူ အုပ်ချုပ်ရသည့် ကျောင်းက ဒီမြို့မှာ စည်းကမ်းပိုင်း၊ အုပ်ချုပ် မှုပိုင်း၊ သင်ကြားရေးပိုင်း၊ နာမည်အကြီးဆုံး။ သူ့ကျောင်းက ကြိုတင်စာရင်း ပေးသွင်းမှ လက်ခံသည် ။ ကျောင်းနဲ့ လူ မျှ လက်ခံရသောကြောင့် ဖြစ်သည် ။ ထို့ကြောင့် သူ့ကျောင်းကို ထားချင်သူမိဘ၊ တက်ချင်သူကျောင်းသား အလွန် များ သည် ။ ဒီတော့ သီတင်းကျွတ်ဆို သူ့အိမ်မှာ ကျောင်းသားတွေ ကြိတ်ကြိတ် တိုးနေသည် ။ သီတင်းကျွတ်ရန် နှစ်ပတ်, သုံးပတ်အလိုကတည်းက စည်ကား စပြုပြီ။ ထမင်းစားခန်းကြောင်အိမ်ထဲတွင် အိုဗာတင်း၊ မိုင်လို၊ နိုင်ငံခြားမုန့် ပုံးတို့ ပြည့်ကျပ်နေသလို သူ့အဝတ်သေတ္တာထဲတွင် ရခိုင်ပုဆိုး၊ ကချင်ပုဆိုး၊ အင်္ကျီစတို့ ပလူပျံစပြုပြီ။ နောက် ခင့်အတွက် ထဘီစ၊ အင်္ကျီစမှ စ အရီးတောင်းလက်ဖက်ထိ စုံလင်သည် ။

အမှန်ဆိုရလျှင်မူ ခင်ရောသူပါ ရိုးသားသည် ။

ကျောင်းဆရာဟူသော ဂုဏ်အင်္ဂါနဲ့ လည်း ပြည့်စုံသည် ။ ဒီပြင်အချိန် ကန်တော့တာ လက်မခံဘဲနေလို့ ရပေမဲ့ သီတင်းကျွတ်လိုအခါမျိုးကျတော့ ဘယ်လိုမှ ရှောင်လွှဲမရတော့။ ငြင်းရလည်း ခက်သည် ။ အရမ်းအဖိုးတန်ကြီး တွေ ဆိုရင်တော့ သူ ငြင်းပစ်သည် ချည်း။

သီတင်းကျွတ်ဆိုတာ ကိုယ့်ထက် အသက်အားဖြင့် ဂုဏ်အားဖြင့် ကြီးသူ တွေကို ဂါရဝတရားရှေ့ထားလို့ ကန်တော့ခြင်း ဖြစ်သည် ဟု သူ ခံယူ၏။ ဒီတော့ မုန့်တစ်ဘူးနဲ့ လည်း ရသည် ။ ငှက်ပျောတစ်ဖီးနဲ့

လည်း ပြီးသည် ။ မုန့်ဖက်ထုပ်နဲ့ လည်း ကိစ္စပြတ်သည် ။ ဂါရဝတရားရှိဖို့ က အဓိက။

ကျောင်းဆရာဆိုသည့် အဆင့်နဲ့ မလိုက်ဖက်တဲ့ အသုံးအဆောင် မတန် မရာ တန်ဖိုးကြီးကြီးတွေနဲ့ ကန်တော့စရာမလိုဟု သူထင်သည် ။ ဒီလိုမအပ် မစပ်တွေ လာပါက ကိုယ့်ဘက်က တန်ဖိုးကြီးကြီး ပြန်ပေးရတော့မည်ဟု လည်း ယုံကြည်သည် ။ ထို့ကြောင့် စည်းထားပြီးသာ သူလက်ခံခဲ့သည် ။ သူ့အတွက် ကတော့ လက်အုပ်ချီကန်တော့ခံရကတည်းက ကြည်နူးမှု၊ ကိုယ့်ဘဝကိုယ် အားရကျေနပ်မှုတို့ သည် ဘာအရာဝတ္ထုနဲ့မှ မလဲနိုင်သော အားဆေးတစ်ခွက် ပင် ဖြစ်သည် ။

အဲဒီတော့ ရသမျှတွေကို ဝေခြမ်းရေးလုပ်ပစ်သည် ။ စားစရာဆိုလျှင် ကိုယ့်လက်အောက်ဝန်ထမ်းတွေကို မျှဝေပေးသလို အဝတ်အထည်တွေဆိုလျှင် တော့ ခင့်ဘက် သူ့ဘက်သက်ကြီးရွယ်အို အမျိုးအဆွေတို့ကို ပြန်လည်ကန် တော့ခဲ့သည် ။ ဒီတာဝန်ကို ခင်က နှစ်သက်စွာပင်ယူခဲ့သည် ။

သူတို့ နှစ်ယောက် အလှူလုပ်တာချင်းတော့ တူညီသည် ။ တစ်ယောက် မှ လည်း မကန့်ကွက်ခဲ့။ သူလှူလျှင် ခင်မတားသလို ခင်သဒ[illegible]နေလျှင်လည်း သူမဖျက်ခဲ့။ ထို့ကြောင့် လည်း ကျောင်းဆရာ၊ ဆရာမလောကတွင် သူတို့ နှစ် ယောက်သည် တပည့်များ ၏ ချစ်ကြောက်ရိုသေခြင်းကို ထိပ်ဆုံးမှ ခံခဲ့ရသည် ။ တပည့်တွေ တရုန်းရုန်းဖြင့် ဆူညံနေသော သူတို့ အိမ်လေးသည် သီတင်း ကျွတ်လတွင် အလှဆုံးဟု သူထင်သည် ။ ပြီး သူနဲ့ ခင် နှစ်ယောက်လုံးက သီတင်းကျွတ်လကို 'အလှူလ' ဟု စိတ်တူညီစွာ အမည်ပေးခဲ့မိသည် ။ ဘာ ကြောင့် လဲဆိုတော့ တပည့်တို့ ကန်တော့သောထဲမှ ရဟန်းသံဃာ၊ သက်ကြီး ရွယ်အို၊

တပည့်သားမြေးတို့ ကို ပြန်လည်ပေးလှူရသောကြောင့် ဖြစ်သည် ။ အဲဒီ အချိန်တုန်းက သူရော ခင်ပါ ဘဝကို ကျေနပ်အားရခဲ့ကြပါသည် ။

*

''ဆရာ ဆရာ''ဟု ပခုံးကို လှုပ်နှိုးလိုက်သော ခင့်အသံတိုးတိုးကြော င့် သူ ဆတ်ခနဲ ဖြစ်သွားသည် ။ ''အေးနေပြီဆရာ၊ အထဲဝင်ဖို့ ကောင်းပြီ ''ဟူသော ခင့်စကားကြားစဉ် မျက်လုံးဖွင့်ကြည့်မိသည် ။

လသည် ဝရန်တာအမိုးထိပ်သို့ ကျော်လွန်သွားပြီပဲ။ လက်ဖျားတို့ ကို ဆုပ်နယ်လိုက်စဉ် အေးစက်နေတာ သတိပြုမိသည် ။ ခဏအကြာ ၁၁ နာရီ သံချောင်းခေါက်သံ ကြားရသည် ။ လမ်းပေါ်မှာ ကလေးတို့ လည်း မရှိတော့။ လမ်းမကြီးပေါ် မဟုတ်တဲ့ အတွက် သူတို့ လမ်းချိုးထဲ လူသွားလူလာတောင် ရှင်းနေပြီ။ မကြာခင် သီတင်းကျွတ်ည ကုန်တော့ မှာ ပါလား။ မနက်ဖြန်တစ်ရက် ပဲ ကျန်တော့သည် ။

စည်းအပြင်ဘက်က လူသားတစ်ယောက်လို အထီးကျန်စွာ ဖြတ် ကျော် နေရသည့် သူ့အတွက် သီတင်းကျွတ်ညသည် အမြန်ကုန်ချင်လှပြီ ။ လောကဓံ တရားရှစ်ပါး လက်ကိုင်ထားကျင့်ကြံနေပေမဲ့ ပုထုဇဉ်ပီပီ သူခံနိုင်ရည်မရှိချင်။ သုံး,လေးနှစ်ကြာလျှင်တော့ ဒီခံစားချက်တို့ ရိုးသွား မှာ ပါဟု မျှော်လင့်မိသည် ။

''စောင်ထားခဲ့ ဆရာ၊ ကျွန်မခေါက်လိုက်မယ်။ ကျွန်မလက်ကိုတွဲ။ ဆရာ

အပေါ့သွားမှာ မဟုတ်လား''ဆိုတဲ့ ခင့်စကားကို နာခံရင်း ခပ်မှောင် မှောင် လှေကားထက် ခင့်ကို တွဲလျက်ဆင်းရသည် ။

''မီးလုံးတော့ ပြန်တပ်မှ ဖြစ်မယ်။ ကြာရင် ဆရာနဲ့ မလွယ်ဘူး''ဟု

ညည်းညူရင်း ခင် စိတ်တွက်ဖြင့် မီတာခတွက်နေဟန် ရှိသည် ။ ဆရာ အို လင်မယား ပင်စင်စားနှစ်ယောက်အတွက် တစ်လမီတာခသည် သွေး ပျက် ဖွယ်။ ထို့ကြောင့် သူတို့ အိမ်လေး မီးမှောင်မှောင်နဲ့ နေရသည် မှာ ကြာပြီ။

''အပေါ့အိုး ထားတော့လည်း ဆရာကမသွား၊ အောက်ပဲဆင်းတယ်။ တစ်နေ့ ဒီလှေကားနဲ့ မလွယ်ဘူး''ဟူသော ခင့်စကားကြောင့် ကိုယ့်ကို ယ်ကိုယ် မချင့်မရဲ အားမရဖြစ်မိသည် ။ 'ဇရာ'ဆိုတာကို လက်မခံချင်ဘဲ လက်ခံလိုက် ရပြီပဲ။

''နေပါစေကွာ၊ မီးလုံးပြန်မတပ်ပါနဲ့ ။ အပေါ်မှာ အိုးနဲ့ သွားတတ် အောင်ပဲ ကျင့်ယူတော့မယ်''ဆိုတဲ့ သူ့စကားကို ခင်က ခပ်ဆိတ်ဆိတ်နေ သည် ။ သက် ပြင်းချပြီး အပေါ်ထပ်ပြန်တက်လာစဉ် တော်တော်လေး မောနေတာ သတိထား မိသည် ။

''ခင်''ဟု တီးတိုးခေါ်မိစဉ် ခင်က သူ့မျက်နှာကို အဖြေရှာသလိုကြည့် ကာ ''မူးလို့ လားဆရာ''ဟု မေးသည် ။ ဟုတ်ပါရဲ့ ။ ခုတလော သူ မကြာခဏ လည်း မူးတတ်လာသည် ။ ဆရာဝန်ဆီသွားတော့ သွေးပေါ င်ကျနေသည် တဲ့ ။ အားရှိတဲ့ အစားအစာစားပါ၊ အိပ်ပျော်အောင် အိပ်ပါ ၊ သိပ်မတွေးပါနဲ့ တဲ့ လေ။ သူ့ကိုယ်သူ ပြန်လည်ဆန်းစစ်မိသည် ။ စိတ် ရောဂါများ ဖြစ်နေပြီလားဟု ။

''ခဏနော် ဆရာ၊ ကျွန်မ ခေါင်းအုံးမြင့်မြင့်လေး လုပ်ပေးမယ်''ဆို တဲ့ ခင့်စကားကြောင့် ''မဟုတ်ပါဘူး ခင်ရယ်၊ ဖယောင်းတိုင်လေးသာ ထွန်းပေး ပါ''ဟု ပြောမိသည် ။ ''ဘာလုပ်မလို့ လဲ ဆရာ၊ ညဥ့်နက်ခံ စာ ဖတ်လို့ တော့ မဖြစ်ဘူး ထင်တယ်။ ဆရာ အိပ်ပျက်ခံလို့ မရဘူးလေ''ဟူ သော ခင့်စကား ကြောင့် စိတ်ကိုလျှော့ချလိုက်မိသည် ။

''တကယ်တော့ ကျွန်မတို့ အရွယ်ဟာ တရားစာအုပ်ဖတ်ရမယ့်အရွယ် မဟုတ်တော့ပါဘူး''ဆိုတဲ့ ခင့်စကားအဓိပ္ပာယ်ကို နားလည်မိသည် ။ ''တရား လည်း ကြာကြာထိုင်လို့ မရတော့ဘူး ခင်။ တင်ပါးတွေနာလာတယ်''ဆိုတော့ ''ဒါကြောင့် ကျွန်မ ဆရာ့ကိုပြောခဲ့၊ သတိပေးခဲ့တာပေါ့။ ဇရာမလာခင်ကတည်း က အဆင်သင့်ပြင်ထားပါဆိုတာလေ။ တကယ်တော့ ဘာလုပ်လုပ် ငယ်တဲ့ အရွယ်ကမှ ဒဏ်ခံနိုင်တာ။ ဒါပေမဲ့ ခုလည်း အိပ်ရင်းမှတ်လို့ အာရုံပြုလို့ ဖြစ်ပါတယ်''ဟု အားပေးပြောဖြင့် စကားရှည်ကြီးကို အဆုံးသတ်သည် ။

ဟုတ်ပါသည် ။ ခင်သည် သူ့ကို လေးဆယ်ကျော်စပြုကတည်းက သတိ ပေးခဲ့သည် ။ ရပ်ရွာအရေး၊ ကျောင်းအရေး၊ တပည့်အရေးတို့ ဖြင့် အစဉ်ရှုပ် ထွေးခဲ့သော သူ့တစ်နေ့တာကို ပင်ပန်းသလိုကြည့်ရင်း ''တစ်နေ့ တစ်နာရီ တော့ ကိုယ့်အတွက် ထားသင့်တယ်''ဟု ပြောတတ်သည် ။ အားရင် တရား စာအုပ်ပဲဖတ်ဖို့ ဝါသနာပါသည့် သူ့ကိုလည်း ''ကိုယ်တိုင်ကျင့်မှ ရမှာ နော်'' ဟု သတိပေးတတ်သည် ။

ထို့ကြောင့် ခင်သည် သူ့အတွက် တာဝန်ကျေအောင် ဘဝအဖော်ကောင်း ဖြစ်ခဲ့ပါသည် ။ သူကသာ ခေါင်းထဲ တပည့်ကိစ္စ၊ ကျောင်းကိစ္စ ကလွဲ ၍ ဘာမှ မထည့်ခဲ့။

ဘယ်အချိန် အောက်ဆင်းသွားမှန်း မသိလိုက်သည့် ခင် မာလကာရွက် နှင့် သွေးဆေး လုံးခြေလျက် အနားပြန်ရောက်လာသည် ။ ဒီတစ်ညလုံး မအိပ် ဘဲ ခင် ထိုင်စောင့်မည်ဆိုတာ သူ သိလိုက်သည် ။

''ဘာမှ မဖြစ်ဘူး ခင်၊ အိပ်ချေတော့။ မနက်လည်း ချက်ရပြုတ်ရဦးမယ်။ တစ်နေ့လုံးလည်း အိမ်အလုပ်တွေလုပ်လာတာ။ အိပ်တော့''ဟု ခင့်ကို အတင်း နှင်မိသည် ။ သူ့နှာခေါင်းနား မာလကာရွက်နဲ့ သွေးဆေးလုံး

ခြေမွလျက် အတန် ကြာ ရှုစေပြီး ခင်အနားက ထ,သွားပြန်သည် ။

တံခါးတွေပိတ်ပြီး လက်ထဲကိုင်လာသည့် ဖယောင်းတိုင်ကို ခင်က သူ့ ခုတင်ဘေးစားပွဲပုလေးပေါ် ထွန်းလိုက်သည် ။ လျှပ်စစ်မီးရှိပေမယ့် လည်း မီး အားမြှင့်စက်တွေအပြည့်ရှိသည့် လမ်းထဲတွင် သူတို့ အိမ်က ပိုးစုန်းကြူးလောက် သာ မီးအားရတော့သည် ။ ဒီတော့ စာဖတ်ချင်လျှင် ဖယောင်းတိုင် အားကိုးရ သည် ။

''ဘာစာအုပ်ဖတ်ချင်လို့ လဲဆရာ။ အိပ်ရင်း တရားမှတ်ရင်း နား ထောင် လေ။ ကျွန်မဖတ်ပြမယ်''ဆိုတဲ့ ခင့်စကားကြောင့် ဘာမှ မပြော သာတော့။

ခင့်အသံထဲ စိတ်ကိုနှစ်ထားတဲ့ ကြားက 'မနက်ဖြန်ဆို သီတင်းကျွတ် ပြီး ပြီ'ဟု တွေးလိုက်မိသေးသည် ။ စိတ်ကို ဇွတ်ဖြတ်လျက် ထွက်လေဝ င်လေထဲ အာရုံစိုက်မိသည် ။ သိပ်မကြာပါ။ ခန္ဓာကိုယ်ပေါ် စောင်ပါး လေး ခင်လွှမ်းပေး တာ သိရှိမိလိုက်ပြီးခဏ အိပ်ပျော်ခြင်း ရောက်တော့ သည် ။

မနက်ဖြန်။

သီတင်းကျွတ် နောက်ဆုံးညအတွက် ရင်ဆိုင်နိုင်ဖို့ ရာ အားမွေးရဦး မည် လေ။

*

သီတင်းကျွတ် နောက်ဆုံးည (တတိယမြောက်နေ့)၌ လည်း ဝရန် တာလေး မှာ ထိုင်ခဲ့မိပြန်သည် ။

လပြည့်ညမဟုတ်သည့် တိုင် အရင်နေ့များ လို လသည် ထိန်ထိန် သာဆဲ ဖြစ်၏။ ခုလိုကျပြန်တော့လည်း ဒီညလေး လျင်မြန်စွာ ကုန်ဆုံး

သွားမှာ ကို စိုးရိမ်မိပြန်သည် ။ စိတ်ကို လက်ရှိအချိန်ကလွဲ၍ ဘယ်မှ မရောက်ဖြစ်၊ မလွင့် ဖြစ်အောင် ထိန်းမိသည် ။ အတိတ်ကို ဆွေးငေးတွေဝေနေခြင်းသည် မောဟ ပဲဟု ကိုယ့်ကိုယ်ကိုယ် တရားချရသည် ။ ခင်ကလည်း ပြောဖူးသည် ။ ဒါပေမဲ့ သက်ပြင်းချမိပြန်သည် ။ ရင်ထဲအောင့်လာသလိုလို ရှိ၏။ ပျံ့လွင့်လာသော တရားသီချင်းသံစဉ်ကိုကြားစဉ် ဝမ်းနည်းစိတ်ကို ထိန်းမရချင်။ သူတို့ တွေ ဟာ ဘာမှ အသုံးမဝင်၊ အသုံးမကျတဲ့ လောကအပြင်ဘက်က လူတွေဖြစ်နေပြီ လား။

''ဆရာကြီး ဆရာကြီး''

ဘေးမှာ ထိုင်နေတဲ့ ခင့်ကိုယ် ဆတ်ခနဲဖြစ်သွားသည် ။ ပြီးမှ သက်ပြင်း ချလျက် ငြိမ်သက်သွားပြန်သည် ။ ကိုယ့်လို နားကြားမှားတယ်ထင်လို့ ဖြစ်မည်။ ဟုတ်ပါသည် ။ ဒီအသုံးအနှုန်း ဒီစကားကို သူ မကြားရသည် မှာ လပေါင်း ဆယ့်နှစ်လ ရှိပြီပဲ။ ဟိုတုန်းကတော့ ဆရာကြီးဆိုလျှင် ဘယ်နားကြားကြား သူ့ခေါ်သည် ပဲ ထင်၏။ ပင်စင်ယူပြီးမှ ထိုအကျင့် မနည်းဖျောက်ရသည် ။ ခုတော့လည်း ဒီအခေါ်အဝေါ်သည် သူနဲ့ မဆိုင်တော့သည့် အမည်စိမ်းအလား။ မချိပြုံးပြုံးမိပြန်သည် ။

''ဆရာကြီး။ ဆရာကြီးဦးမောင်မောင်တင်''

''ဟာ''

ထိုင်နေရာမှ ဖျပ်ခနဲ လျင်မြန်စွာ ထ,မိသည် ။ မတ်တတ်ရပ်ပြီးမှ သူ့အပြုအမူကို အံ့ဩသွားရသည် ။ ခင်ကလည်း ကြောင်တွေစွာ ထ,ရပ်သည် ။

''ဆရာကြီး ဆရာကြီးဦးမောင်မောင်တင်''

'' လာပြီ လာပြီ''

ကျဉ်းမြောင်း မှောင်မည်းသော လှေကားကိုးထစ်ကို ဘယ်လိုဆင်း လိုက် မိသည် မသိ။ ''ဓာတ်မီးယူဦးလေ ဆရာ၊ လဲဦးမယ်''ဟူသော ခင့် အသံကြား တော့ သူ လှေကားအောက်ရောက်နေပြီ။

''ဘယ်သူလဲကွ''ဟု အားမာန်ပါသော အမေးသည် ကိုယ့်ပါးစပ်က ထွက် တာမှ ဟုတ်ပါလေစ။ တံခါးချက်ကို အမြန်ဆွဲဖွင့်လိုက်သည် ။

အသက်နှစ်ဆယ်ကျော် ယောကျ်ားရွယ်တစ်ယောက်ကို မြင်မိစဉ် သိ ပ်မမှတ်မိချင်။

''ကျွန်တော်သန်းနိုင်ပါ ဆရာကြီး။ ဆရာကြီးကတော့ မှတ်မိမယ် မ ထင် ဘူး။ ကိုးဆယ်ခုနှစ်က ကျွန်တော် ဆရာကြီးကျောင်းက ရှစ်တန်း အောင်ပါ တယ်။ ဆရာမက ကျွန်တော့်အတန်းပိုင်ဖြစ်ခဲ့ဖူးပါတယ်''

လှိုက်လှဲအားရစွာ ပြုံးရယ်ပြလိုက်ပေမဲ့ မသိတာတော့ သေချာသည် ။

စာတော်သောကျောင်းသား၊ ဆိုးလွန်း၍ ရုံးခန်းရောက်သောကျောင်း သား အဲဒီနှစ်မျိုးကလွဲလျှင် သူ့ခေါင်းထဲ သိပ်မစွဲမြဲလှ။ အားနာစွာ ပြုံးပြ မိပြန်သည် ။

''ကျွန်တော် ဒီမှာ ကားလိုက်နေပါတယ် ဆရာကြီး။ ဟိုတစ်နေ့ကမှ ဆရာကြီးတို့ ပင်စင်ယူပြီး ဒီမြို့ပြောင်းလာတယ်ဆိုတာသိလို့ လာကန် တော့ တာပါ။ ကျွန်တော် ဒီမြို့မှာ အိမ်ထောင်ကျနေပါပြီ ဆရာကြီး''

ရင်ထဲ ဒိန်းခနဲ ဖြစ်သွားသည် ။ ခင့်ကိုငဲ့အကြည့် မီးရောင်မှိန်မှိန် အောက် ခင့်မျက်ဝန်းတို့ တောက်ပရွှန်းလဲ့လို့ နေသည် ။ ကြက်သီးမွေး ညင်းတို့ ထ,လျက် လူသည် ဘယ်လိုဖြစ်သွားမှန်း မသိ။ နွမ်းပါးချို့တဲ့ ပုံ ရတဲ့ သူမသိသော သူ့ တပည့်သည် ဖီးကြမ်းငှက်ပျောတစ်ဖီးနှင့် သူနဲ့ ခ

င့်ကို ရိုက်ျိုးစွာ ကန်တော့ လေသည် ။

ပါးစပ်တလှုပ်လှုပ်ဖြင့် သူ့ဆုပေးသံသည် ကျောင်းဆရာသက်တမ်းတွင် အရှည်လျားဆုံး ဖြစ်နေသည် ။ သူဘဝတစ်လျှောက်လုံး ဒီတစ်ခါဆုပေးရခြင်း သည် ဘာနဲ့ မှ မလဲနိုင်သလို။ ဆုပေးရတာလည်း အရသာရှိလိုက်တာကွယ်။

အိုခုမှ သတိထားမိတယ်။ သူမောလည်း မမောတော့၊ ခေါင်းလည်း မမူးတော့။ နေလို့ ထိုင်လို့ ကောင်းလိုက်တာ။ ကိုယ်တိုင်ပင် ဘာဖြစ်မှန်း မသိတဲ့ လိုအပ်ချက်တစ်ခု ပြည့်သွားသလို။

အားဆေးတစ်ခွက်သည် သူနဲ့ ခင့်အတွက် ဒီတစ်နှစ်စာ ဖူလုံသွားပြီဖြစ် သည် ။

အိမ်ရှေ့ကို လှမ်းအကြည့်

လဝန်းသည် ပြည့်ပြည့်ဝဝသာဆဲ။

ဩော်

ခုဆိုလိုတော့လည်း သီတင်းကျွတ်ရာသီသည် သူနဲ့ ခင့်အတွက် အဓိပ္ပာယ်ရှိနေပါသေးလားကွယ်။

(မဟေသီ၊ ၁၉၉၅၊ ဒီဇင်ဘာ)

*